# Highlights from DVB Debate's Caring Orphans Show

## March 25, 2017

## "Who takes care of the Orphans?"

"ကျမတို့ စစ်တမ်းတွေအရတော့ ၉၉ ရာနှုန်းက ခိုကိုးရာမဲ့ ကလေးငယ်တွေ ဖြစ်နေပါတယ်။ ဂေဟာတွေဆိုတာ ကလေးငယ်တွေအတွက် ယာယီစောင့်ရှောက်မှုလေးတွေသာ ဖြစ်သင့်တယ် ဒီကလေးတွေကို ဆွေမျိုးသားချင်းတွေနဲ့ ပြန်လည်ပေါင်းစည်းပေးသင့်တယ်လို့ မြင်ပါတယ်"

ဒေါ်ခင်သီရိဂင်း - ကလေးသူငယ်ကာကွယ်ရေးအရာရှိ၊ ယူနီဆက်ဖ်မြန်မာ

---

"၁၉၉၃ ခုနှစ်ကတည်းက ပြဋ္ဌာန်းခဲ့တဲ့ ကလေးသူငယ်ဥပဒေတွေရှိတယ် အခုဆိုရင် ကလေးသူငယ်အခွင့်အရေးနဲ့ပတ်သက်လို့ အက်ပ်ဒိတ်ဖြစ်အောင် ထပ်မံရေးဆွဲနေတာ ရှိပါတယ်"

ဦးအောင်ကျော်မိုး - ညွှန်ကြားရေးမှူး(ကလေးလူငယ်ဌာနခွဲ)၊ လူမှုဂန်ထမ်းဦးစီးဌာန

---

"ကျနော်တို့ကြုံခဲ့ရတဲ့ ကလေးတယောက်ဆို၊ မိဘတွေက မပြေလည်တော့ သူတို့ကလေးကို တောင်းစားရာမှာ သုံးဖို့ တနေ့ ၁ သောင်းနဲ့လာငှားတာကို ကလေးကို ထည့်ပေးလိုက်တယ်။ လာငှားတဲ့လူက နောက်ဆုံး ကလေးကိုပါ သတ်သွားတယ် အရေးယူမှုအပိုင်းလည်း ထိထိရောက်ရောက် မဖြစ်လိုက်ဘူး"

ဦးသိန်းထွန်းဦး - တည်ထောင်သူ၊ ကလေးများသည်ကျွန်ုပ်တို့၏ အနာဂတ် ပရဟိတ လူငယ်များအဖွဲ့

---

"ကျနော်တို့ ရန်ကုန်နဲ့ မန္တလေးတိုင်းဒေသကြီးတွေမှာ အချက်အလက်တွေ ကောက်ယူပြီး ကြည့်တဲ့အခါ ရန်ကုန်တိုင်း ၁၂မြို့နယ်မှာ ခိုကိုးရာမဲ့ကလေးငယ် ၁၁ ရာနှုန်းရှိနေတယ်. မန္တလေး ၆ မြို့နယ်မှာ ကလေးအားလုံးရဲ့ ၅ ရာနှုန်းရှိနေတယ်. အဓိက ခိုကိုးရာမဲ့တာက အိမ်နေစရာမရှိတာ၊ မိဘတွေကွဲသွားကြတာ ဆင်းရဲတာတွေကြောင့်"

ဦးအောင်ကျော်မိုး - ညွှန်ကြားရေးမှူး(ကလေးလူငယ်ဌာနခွဲ)၊ လူမှုဂန်ထမ်းဦးစီးဌာန

---

"ကျမတို့ အကြံပြုချင်တာကတော့ မိဘမရှိတော့တဲ့ကလေးတွေအတွက် သက်မွေးဂမ်းကျောင်း သင်တန်းတွေနဲ့ ချိတ်ပေးမယ်. မိဘရှိသေးတဲ့ကလေးတွေဆိုရင်လည်း မိဘ၊ ဆွေမျိုးတွေနဲ့ ပြန်လည်ပေါင်းစည်းရေး လုပ်ပေးမယ်"

ဒေါ်ခင်သီရိဂင်း - ကလေးသူငယ်ကာကွယ်ရေးအရာရှိ၊ ယူနီဆက်ဖ်မြန်မာ

"မိဘမဲ့ကျောင်း ဆောက်ပြီး ကလေးတွေဗန်းပြပြီးတော့မှ အလှူခံနေတဲ့ ဂေဟာတွေ၊ ပရဟိတကျောင်းတွေလည်း ရှိပါတယ်။ အမှန်ကလေ မိဘမဲ့ကလေးငယ်တွေက အဓိကလိုအပ်နေတာက မေတ္တာဗျ"

ဦးသိန်းထွန်းဦး - တည်ထောင်သူ၊ ကလေးများသည်ကျွန်ုပ်တို့၏ အနာဂတ် ပရဟိတ လူငယ်များအဖွဲ့

"အလှူရှင်တွေကလည်း မြင်တာက အခြေခံ စားဖို့သောက်ဖို့ လိုအပ်နေလား၊ ငွေလိုအပ်နေလား ဒါပဲမြင်တာပေ့ါနော် အဓိကက စိတ်ပိုင်းဆိုင်ရာ အားပေးဖို့ လိုအပ်ချက်၊ နောက် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေ. အပြင်ကဖြစ်ဖြစ် ကလေးငယ်အချင်းချင်းဖြစ်ဖြစ် ပြုကျင့်ခံနေရတာတွေ ရှိလား ဒါတွေလည်း မြင်ဖို့ လိုအပ်ပါတယ်"

ဒေါ်ခင်သီရိဂင်း - ကလေးသူငယ်ကာကွယ်ရေးအရာရှိ၊ ယူနီဆက်ဖ်မြန်မာ

"လမ်းပေါ်မှာ တောင်းရမ်းနေတဲ့ ကလေးတွေကို လူမှုဂန်ထမ်းကဖမ်းသွားတယ် မိဘတွေက ပြန်ရွေးလို့ရတော့ ပြန်ရွေးတယ်. ပြီးတော့ ပြန်ခိုင်းတယ် ပြန်ရွေး၊ ပြန်ခိုင်းပေ့ါ အဲဒီ မိဘတွေကို မထိန်းနိုင်ဘူးလား? မိဘတွေ ခံဂန်ချက်ဘယ်လောက်လောက်ထိုးသွား ထိထိရောက်ရောက် အရေးယူနိုင်တာ မရှိဘူးလား"

ဦးသိန်းထွန်းဦး - တည်ထောင်သူ၊ ကလေးများသည်ကျွန်ုပ်တို့၏ အနာဂတ် ပရဟိတလူငယ်များအဖွဲ့

"မိဘတွေကို အရေးယူဖမ်းလိုက်ရင် မိဘတွေက ထောင်ထဲရောက်သွားတော့ ကလေးတွေက ဂေဟာရောက်သွားမယ် ကျမတို့က ပြဿနာရင်းမြစ်ကိုရှာပြီး ဒီကိစ္စကို ဖြေရှင်းမှရမယ်"

ဒေါ်ခင်သီရိဂင်း - ကလေးသူငယ်ကာကွယ်ရေးအရာရှိ၊ ယူနီဆက်ဖ်မြန်မာ

"တချို့လမ်းပေါ်က ကလေးငယ်တွေဆို ကျနော်တို့ထက်တောင် ဂင်ငွေကောင်းနေတဲ့ ကလေးငယ်တွေ ရှိတယ် သူတို့က မေတ္တာတော်တဲ့ကလေးတွေ မိဘမဲ့ကလေးတွေ. ငှက်အော်စန်းမှာ သင်တန်းတွေပေးလည်း ၁-၂နှစ်ပဲ ပြီးရင် ဒီကလေးတွေက ပြန်လုပ်တယ် သူတို့လေးတွေကို နူးနူးညံ့ညံ့ကိုင်တွယ်မှရမယ်"

ဦးသိန်းထွန်းဦး - တည်ထောင်သူ၊ ကလေးများသည်ကျွန်ုပ်တို့၏ အနာဂတ် ပရဟိတလူငယ်များအဖွဲ့